ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၂ ခုနှစ်၊ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ဥပဒေအမှတ်   ၄   ။)

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၊ ၈ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၊ ၃၀ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ စတင်အကျိုး သက်ရောက်စေရမည်။

# အပိုင်း ၂

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊
# တိုင်းဒေသကြီးလွှတ်တော်၊
# တိုင်းဒေသကြီးတရားလွှတ်တော်၊
# တိုင်းဒေသကြီးဥပဒေချုပ်၊
# တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊
# တိုင်းဒေသကြီးဝန်ကြီးဌာနများ
# တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ၏ရငွေနှင့် သုံးငွေ အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊(၂)၊(၃)နှင့်(၄)တို့တွင်မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက် များ၊သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီး တရားလွှတ်တော်၊တိုင်းဒေသကြီး ဥပဒေချုပ်၊တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့ အစည်း များနှင့် စည်ပင်သာယာရေးအဖွဲ့ များ၏ လုပ်ငန်းအရလိုအပ်လျှင်ဇယား (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များ တွင်အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူထည့်သွင်းဖော်ပြရမည်။ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍အနီးကပ်ဆုံးကျင်းပသည့်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်းလိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့ များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံ နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေး ဆန်ဆန်မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆)တို့တွင် ဖော်ပြထားသည့် ငွေများသည် တိုင်းဒေသကြီး အဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက် များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်း ထားသော ငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅)နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅) နှင့်(၆) တို့တွင်ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ အနီးကပ်ဆုံးကျင်းပသည့် တိုင်း ဒေသကြီးလွှတ်တော်အစည်းအဝေးသို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။

---

ပြည် ထောင် စု သမ္မတ မြန် မာ နိုင် ငံ တော် ဖွဲ့ စည်း ပုံ အ ခြေ ခံ ဥ ပ ဒေ အရ ကျွန်ုပ် လက် မှတ် ရေး ထိုး သည်။

(ပုံ) ဉာဏ်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က<br>တာဝန်ပေးသူ | | | ၂၉.၇၄၀ | | | | | | |
| ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဥပဒေချုပ်က<br>တာဝန်ပေးသူ | | | ၀.၅၁၇ | | | | | | |
| ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်က<br>တာဝန်ပေးသူ | | | ၀.၅၁၇ | | | | | | |
| | ပေါင်း | | | | ၃၀.၇၇၄ | | | | | | |

## တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၃၈.၈၄၅ | | | ၃.၅၂၀ | | | |
| ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂၅၅.၃၃၁ | | | | | | |
| ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၇၄.၆၇၁ | | | ၀.၃၀၀ | | | |
| | ပေါင်း | | ၁၅၆၈.၈၄၇ | | | ၃.၈၂၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ်သို့မဟုတ်တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅၈၀ . ၄၇၅ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၅၈၀ . ၄၇၅ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၀၃၂ . ၅၇၀ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၂ . ၁၃၃ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁ . ၆၀၉ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၇၇၃ . ၇၃၅ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၅ . ၀၆၆ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၈၃၀ . ၀၄၈ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန် | ၎င်း | ၅၄၄ . ၃၀၂ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၃၄၆ . ၆၀၉ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၉၇ . ၆၉၃ | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၄၅ . ၃၆၀ | | | | | | | |
| | | ပေါင်း | | ၂၁၅၇ . ၄၂၈ | ၄၅ . ၃၆၀ | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၆ . ၅၀၈ | | | ၁၀၀၀ . ၀၀၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၆ . ၂၁၀ | | | ၁၀၀၀ . ၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | | | ၀ . ၀၁၆ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | တာဝန်ပေးသူ | | | ၀ . ၂၈၂ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | | | ၁၁၉ . ၃၈၆ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၇ . ၆၅၆ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၀၁ . ၇၃၀ | | | | | | |
| ၇ | | **သမဝါယမ** | ၄င်း | | | ၃ . ၄၈၇ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၃ . ၃၃၂ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀ . ၁၅၅ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | | | ၃၅ . ၉၉၆ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၂၆ . ၀၆၅ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၉ . ၇၆၁ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၀ . ၁၇၀ | | | | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၄င်း | | | ၂၆၅ . ၀၄၄ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀ . ၄၀၆ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများပြုပြင်ထိန်းသိမ်းခြင်း | | | | ၂၆၄ . ၆၃၈ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၄င်း | | | | | | ၁၆၁၇၅ . ၄၉၅ | | ၆၉၃ . ၅၃၇ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၆၁၇၅ . ၄၉၅ | | ၆၉၃ . ၅၃၇ | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | | | ၀ . ၀၄၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀ . ၀၄၀ | | | | | | |
| ၁၂ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၄င်း | | | ၆၈ . ၃၆၃ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၆၈ . ၃၆၃ | | | | | | |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | | ၇၆၃၇ . ၂၃၅ | | | | | | |
| | | ပေါင်း | | | | ၈၁၃၆ . ၀၅၉ | | | ၁၇၁၇၅ . ၄၉၅ | | ၆၉၃ . ၅၃၇ | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၄၇၉၇.၀၄၉ | | ၁၀၁၅.၀၀၀ | ၁၅၄.၅၆၅ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၃၁၂၀.၅၂၅ | | ၁၀၁၅.၀၀၀ | ၁၅၄.၅၆၅ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၉၀.၂၅၂ | | | | | | |
| | ၃ | အကျဉ်းဦးစီးဌာန | တာဝန်ပေးသူ | ၁၅၇၈.၂၇၂ | | | | | | |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | ၂၅၈၅.၆၄၀ | | | | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၇၂၀.၇၀၃ | | | | | | |
| | ၂ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၆၄.၉၃၇ | | | | | | |
| ၃ | | **သမဝါယမ** | ၎င်း | ၅၉၀.၀၀၉ | | | ၅.၁၅၈ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၅၈၂.၆၃၈ | | | ၄.၅၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၇.၃၇၁ | | | ၀.၆၅၈ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | ၄၁၆.၈၄၂ | | | ၅၈.၂၀၁ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၉၁.၀၃၄ | | | ၅၈.၂၀၁ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၉၅.၃၂၈ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၃၀.၄၈၀ | | | | | | |
| ၅ | | **ဆောက်လုပ်ရေး** | ၎င်း | ၆၃၂၇.၉၇၁ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၀.၇၃၅ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၆၂၇၇.၂၃၆ | | | | | | |
| ၆ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | ၄၁.၃၆၄ | | | | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၁.၃၆၄ | | | | | | |
| ၇ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | ၃၃၆.၅၂၀ | | | ၄၃.၀၀၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၃၆.၅၂၀ | | | ၄၃.၀၀၀ | | | |
| ၈ | | **အလုပ်သမား** | ၎င်း | ၆.၂၃၇ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၆.၂၃၇ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | ၁၂၀၂.၁၁၈ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၂၀၂.၁၁၈ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | ၂၁၀.၃၅၈ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၁၀.၃၅၈ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၄၆၁၀.၆၇၄ | | | ၄၀၃၁.၆၆၃ | | | |
| | | ပေါင်း | | ၂၁၁၃၂.၇၈၂ | | ၁၀၁၅.၀၀၀ | ၄၂၉၃.၃၈၇ | | | |

# တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်မာဒေသကြီးရေး**→ **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၇၇.၉၃၇ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၇၇.၉၃၇ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၄င်း | | | ၆၁၅၃.၁၆၁ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၆၁၅၃.၁၆၁ | | | | | | |
| | | ပေါင်း | | | | ၆၂၃၁.၀၉၈ | | | | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဝန်ကြီးချုပ်က<br>တာဝန်ပေးသူ | ၇၃ • ၃၅၅ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၇၃ • ၃၅၅ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၄င်း | ၆၃၈၂ • ၅၆၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၆၃၈၂ • ၅၆၀ | | | | | | |
| | | ပေါင်း | | ၆၄၅၅ • ၉၁၅ | | | | | | |